## ၂ နှစ်စောတယ်

"မေမေက အသက်ဘယ်လောက်မှာ အိမ်ထောင်ပြုတာလဲဟင်"

"၂၂ နှစ်"

"မေမေက အသက်ဘယ်လောက်မှာ အိမ်ထောင်ပြုတာလဲ"

"၂၀..."

"ဟင် ဒါဆို မေမေက ဖေဖေ့ထက် ၂ နှစ်စောပြီး အိမ်ထောင်ပြုတာပဲနော်"

❖



## သူ မပြန်တတ်တာပါ

လမ်းပေါ်တွင် ကလေးငယ်တစ်ယောက် ငိုယိုနေသည်။

"ဘာဖြစ်လို့လဲ ချာတိတ်"

"ဖေဖေနဲ့ လူချင်းကွဲသွားလို့"

"သြော်... ဒါဆို အိမ်မပြန်တတ်တော့လို့လား"

"ကျွန်တော်က ပြန်တတ်ပါတယ်။ ဖေဖေက မပြန်တတ်ဘူးဗျ"

❖